ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ

ညွှန်ကြားချက်အမှတ် (၂ /၂၀၁၉)

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်

## အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ လိုက်နာရမည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးအတွက် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ ညွှန်ကြားချက်

၁။ ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၁ / ၂၀၁၄) ပုဒ်မ ၆၉(ဂ)နှင့် အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၃/၂၀၁၁) ပုဒ်မ ၆၈(ခ)တွင် အပ်နှင်းထားသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များအရ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီသည် အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများ လိုက်နာရမည့် ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးအတွက် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း၊ ကြိုတင်ကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ သတင်းပို့ရန် တာဝန်တို့နှင့်ပတ်သက်၍ ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

၂။ ဤညွှန်ကြားချက်တွင် အသုံးပြုထားသော စကားလုံးအဓိပ္ပာယ်များသည် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေနှင့် အသေးစား ငွေရေးကြေးရေးလုပ်ငန်း ဥပဒေတွင် ပြဋ္ဌာန်းဖော်ပြထားသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်များအတိုင်း သက်ရောက်စေရမည်။

၃။ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများသည် မည်သူမည်ဝါဖြစ်ကြောင်း သတ်မှတ်ဖော်ထုတ်နိုင်ခြင်းမရှိသည့် အမည် သို့မဟုတ် အမှတ်အသားများကို အသုံးပြုခြင်း၊ ခွဲခြားသိရှိနိုင်ခြင်း မရှိသည့် သို့မဟုတ် ဖန်တီးထားသည့်အမည် သို့မဟုတ် မမှန်ကန်သည့် အမည်၊ အချက်အလက်များကို အသုံးပြု၍ ဝင်ရောက်လာသည့်အသင်းဝင်များ၊ စီးပွားဆက်သွယ်ဆောင်ရွက်သူများအားလက်ခံခြင်း၊ ငွေကြေးဝန်ဆောင်မှုပေးခြင်း၊ ၎င်းတို့ထံမှငွေကြေးဝန်ဆောင်မှုရယူခြင်း၊ ဆက်သွယ်ဆောင်ရွက်ခြင်းတို့ မပြုလုပ်ရ။

၄။ အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများသည် ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဗဟိုအဖွဲ့က ပေးအပ်သည့် သတင်းအချက်အလက်များကို ထည့်သွင်းစဉ်းစားလျက် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု အန္တရာယ်အကဲဖြတ်ခြင်းကို သင့်လျော်သည့်အချိန်တွင် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ၏ အစီအစဉ်ဖြင့် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) မိမိအဖွဲ့အစည်းအတွင်းရှိ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အန္တရာယ်များကို ဖော်ထုတ်ခြင်း၊ အကဲဖြတ်ခြင်းနှင့် သိရှိနားလည်ခြင်း၊

( ခ ) အဆိုပါ အန္တရာယ်အကဲဖြတ်ချက်များကို စာဖြင့်ရေးသားမှတ်တမ်းတင်ခြင်း၊

( ဂ ) အန္တရာယ်အဆင့်နှင့် အန္တရာယ်လျှော့ကျနိုင်သည့်အချက်များကို မဆုံးဖြတ်မီသက်ဆိုင်ရာ အန္တရာယ် အကြောင်းရင်းခံများကို ထည့်သွင်းစဉ်းစားခြင်း၊

(ဃ) ယင်းအကဲဖြတ်ချက်များသည် နောက်ဆုံးအခြေအနေနှင့် ကိုက်ညီမှုရှိခြင်း၊

( င ) သက်ဆိုင်ရာအာဏာပိုင်များထံမှ အန္တရာယ်အကဲဖြတ်ခြင်းဆိုင်ရာ သတင်းအချက်အလက်များအား အချိန်မီရယူဆောင်ရွက်နိုင်ရေးနှင့် အာဏာပိုင်များသို့ အချိန်မီတင်ပြနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိခြင်း၊

( စ ) ဖော်ထုတ်ရရှိသည့် အန္တရာယ်များအား စီမံခန့်ခွဲခြင်းနှင့် လျှော့ပါးအောင် ဆောင်ရွက်ခြင်းတို့ ပြုလုပ်နိုင်ရေးအတွက် အကြီးတန်းစီမံခန့်ခွဲမှုအရာရှိက အတည်ပြုထားသော မူဝါဒ၊ လုပ်ထုံးလုပ်နည်းနှင့် ထိန်းချုပ်မှုများကို လုပ်ဆောင်ခြင်း၊

(ဆ) အဆိုပါ ထိန်းချုပ်ဆောင်ရွက်မှုများအား အကောင်အထည်ဖော်မှုကို စောင့်ကြည့်စစ်ဆေးခြင်းနှင့် လိုအပ်ပါက အကောင်အထည်ဖော်မှုကို တိုးမြှင့်ဆောင်ရွက်ခြင်း၊

( ဇ ) အန္တရာယ်အဆင့်မြင့်မားသည်ဟု ဖော်ထုတ်ရရှိချက်များအား စီမံခန့်ခွဲမှုနှင့် လျှော့ပါးအောင် ဆောင်ရွက်မှုတို့အား တိုးမြှင့်လုပ်ဆောင်ခြင်း၊

( ဈ ) အန္တရာယ်အဆင့်နိမ့်သည်ဟု ဖော်ထုတ်ရရှိချက်များအပေါ် ရိုးရှင်းသည့်အန္တရာယ်လျှော့ပါးရေးဆောင်ရွက်ချက်များ ပြုလုပ်နိုင်သည်၊ သို့ရာတွင် အဆိုပါ အန္တရာယ်သည် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် ဆက်နွယ်သည်ဟု သံသယရှိသည့်အခါ ဖော်ပြပါ ရိုးရှင်းသည့် အန္တရာယ်လျှော့ပါးရေး ဆောင်ရွက်ချက်များကို ကျင့်သုံးမှု မပြုခြင်း။

၅။ ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု အန္တရာယ်အကဲဖြတ်ခြင်းများ၊ သက်သေအထောက်အထားများနှင့် သတင်းအချက်အလက်များကို စာဖြင့် ရေးသားမှတ်တမ်းတင်ခြင်း၊ အချိန်နှင့်တစ်ပြေးညီ ထိန်းသိမ်းထားရှိခြင်းများ ဆောင်ရွက်ရမည်ဖြစ်ပြီး သက်ဆိုင်ရာ ကြီးကြပ်ရေး အာဏာပိုင်များမှ တောင်းဆိုလာလျှင် ပေးအပ်ရမည်။

၆။ (က) အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများသည် လက်ရှိဆက်သွယ် ဆောင်ရွက်သူများ၊ အသစ်ဝင်ရောက်လာမည့် ဆက်သွယ်ဆောင်ရွက်သူများနှင့်ပတ်သက်၍ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ

ဆောင်ရွက်ချက်များကို ထုတ်ကုန်၊ ဝန်ဆောင်မှုနှင့် အန္တရာယ်ရှိမှုအပေါ် အခြေပြု၍ သင့်လျော်သည့် အချိန်တိုင်းတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(၁) အကဲဖြတ်ချက်အရ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု အန္တရာယ်အဆင့်မြင့်မားသည်ဟု ဖော်ထုတ်ရရှိသည့်အခါ ယင်းအန္တရာယ် အဆင့်နှင့်အညီ အလေးထားစိစစ်ခြင်း ဆောင်ရွက်ချက်များကို တိုးမြှင့်ဆောင်ရွက် ရမည့်အပြင် လွှဲပြောင်းဆောင်ရွက်မှု သို့မဟုတ် အခြားသောဆောင်ရွက်မှုများ သည် ပုံမှန် ဟုတ်၊ မဟုတ်ကိုလည်းကောင်း၊ သံသယဖြစ်ဖွယ် ရှိ၊ မရှိကို လည်းကောင်း ဆုံးဖြတ်ခြင်း၊

(၂) အကဲဖြတ်ချက်အရ ငွေကြေးခဝါချမှု အန္တရာယ်အဆင့်နိမ့်သည်ဟု ဖော်ထုတ် ရရှိသည့်အခါ ယင်းအန္တရာယ်အဆင့်နှင့်အညီ အလေးထားစိစစ်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းလွယ်ကူစွာ ဆောင်ရွက်ခြင်း၊

(၃) အပိုဒ်ခွဲငယ် (၂) အရ ရှင်းလင်းလွယ်ကူသည့် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်များကို ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဟု သံသယရှိသည့်အခါ၌ဖြစ်စေ အန္တရာယ်အဆင့် မြင့်မားသည့်ကိစ္စရပ်၌ဖြစ်စေ အသုံးပြုခြင်းမှ ရပ်စဲခြင်း၊

(၄) ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းကို တိုးမြှင့်ခြင်းနှင့် ရိုးရှင်းစွာ ဆောင်ရွက်ခြင်းတို့နှင့်ပတ်သက်၍ ကြီးကြပ်ရေး အာဏာပိုင်က ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်း။

( ခ ) အပိုဒ်ခွဲ(က)ပါ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း ဆောင်ရွက်ချက် များကို အောက်ပါအချိန်အခါနှင့် အခြေအနေများတွင် လုပ်ဆောင်ရမည်-

(၁) ဆက်သွယ်ဆောင်ရွက်သူတစ်ဦးကို အသင်းဝင်အဖြစ် လက်မခံမီ သို့မဟုတ် အသေးစားငွေရေးကြေးရေးဝန်ဆောင်မှုမပေးမီ သို့မဟုတ် ဆက်ဆံဆောင်ရွက်မှု တစ်ရပ်မထူထောင်မီ၊

(၂) အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းနှင့် လုပ်ငန်းဆက်ဆံ ဆောင်ရွက်မှု ထူထောင်ထားခြင်း မရှိသည့် ဆက်သွယ်ဆောင်ရွက်သူတစ်ဦးနှင့် ပတ်သက် သည့် လွှဲပြောင်း ဆောင်ရွက်မှုသည် တစ်ကြိမ်တည်းဖြစ်စေ၊ ဆက်နွှယ်မှုရှိသော အကြိမ်အရေအတွက်များစွာဖြင့်ဖြစ်စေ၊ သတင်းပို့ရန် သတ်မှတ်သည့်ပမာဏ သို့မဟုတ် ယင်းထက်ပိုသော ပမာဏဖြစ်သည့်အခါ အဆိုပါဆက်သွယ်ဆောင်ရွက် သူအတွက် လွှဲပြောင်းဆောင်ရွက်ပေးခြင်းမပြုမီ၊

(၃) ကြေးနန်း သို့မဟုတ် အီလက်ထရောနစ် နည်းလမ်းဖြင့် အသေးစားငွေရေးကြေးရေးဝန်ဆောင်မှု ပေးခြင်းမပြုမီ၊

(၄) ယခင်ရရှိထားသည့် ဆက်သွယ်ဆောင်ရွက်သူဆိုင်ရာ အချက်အလက်များသည် မှန်ကန်မှု သို့မဟုတ် ပြည့်စုံမှုမရှိဟု သံသယရှိလျှင်၊

(၅) ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် ဆက်စပ်သည်ဟု သံသယရှိလျှင်၊

(ဂ) အပိုဒ်ခွဲ (ခ) တွင် ရည်ညွှန်းထားသည့် ဆက်နွယ်မှုရှိသော လွှဲပြောင်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ လွှဲပြောင်းဆောင်ရွက်မှုပြုသည့် တန်ဖိုးပမာဏကို လုပ်ငန်းဆောင်ရွက်ချိန်တွင် မသိရှိပါက အဆိုပါ ပမာဏကို သိရှိလျှင် သိရှိချင်း သို့မဟုတ် အဆိုပါ တန်ဖိုးပမာဏသည် သတ်မှတ်ပမာဏသို့ ရောက်ရှိလျှင် ရောက်ရှိချင်း အပိုဒ်ခွဲ (က)ပါ ပြဋ္ဌာန်းချက်နှင့်အညီ အတည်ပြုဖော်ထုတ်ခြင်းကို ဆောင်ရွက်ရမည်။

(ဃ) အပိုဒ်ခွဲ (က) အရ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း ဆောင်ရွက်ချက်များကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(၁) လွတ်လပ်၍ ယုံကြည်စိတ်ချရသော ဇာစ်မြစ်များ၊ အထောက်အထား များ၊ အချက်အလက်များ သို့မဟုတ် သတင်းအချက်အလက်များဖြင့် ဆက်သွယ်ဆောင်ရွက်သူအား စိစစ်အတည်ပြုခြင်း၊

(၂) စီးပွားရေး ဆက်ဆံဆောင်ရွက်မှု၏ ရည်ရွယ်ချက်၊ သဘောသဘာဝဆိုင်ရာ သတင်းအချက်အလက်များ စုဆောင်းရယူခြင်းနှင့် နားလည်သိရှိခြင်း၊

(၃) အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများအနေဖြင့် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင် မည်သူမည်ဝါဖြစ်ကြောင်း စစ်ဆေးအတည်ပြုခြင်း၊ ကုမ္ပဏီအဖွဲ့အစည်း သို့မဟုတ် ဥပဒေရေးရာပုဂ္ဂိုလ် သို့မဟုတ် ဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှု၏ ပိုင်ဆိုင်မှု နှင့် ထိန်းချုပ်မှုပုံစံတို့ကို နားလည်သဘောပေါက်ပြီး အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်ကို စိစစ်အတည်ပြုဖော်ထုတ်ခြင်းနှင့် အဆိုပါ အကျိုး ခံစားခွင့်ရှိသူ ပိုင်ရှင်၏ သက်သေခံအထောက်အထားကို စိစစ်ရန် အလို့ငှာ အောက်ပါအချက်များကို ဆောင်ရွက်ရမည် -

(ကက) ဥပဒေရေးရာပုဂ္ဂိုလ်ဖြစ်လျှင်

(၁) လူပုဂ္ဂိုလ်ကိုအတည်ပြုခြင်း၊ ပိုင်ရှင်သည် အများအပြားဖြစ်နိုင်ပြီး လူပုဂ္ဂိုလ်များမရှိလျှင် ပိုင်ဆိုင်မှုကို အဆုံးစွန်ထိန်းချုပ်နိုင်သည့် ဥပဒေရေးရာပုဂ္ဂိုလ် သို့မဟုတ် ဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှုကို ဖော်ထုတ်ခြင်း၊

(၂) အပိုဒ်ခွဲငယ်စိတ် (၁) အပေါ် သံသယဖြစ်လျှင် အကျိုးခံစားခွင့် ရှိသူပိုင်ရှင်သည် ပိုင်ဆိုင်မှုကို ထိန်းချုပ်သည့်ပုဂ္ဂိုလ်ဖြစ်ကြောင်း သို့မဟုတ် ပိုင်ဆိုင်မှုကို ထိန်းချုပ်သည့် ပုဂ္ဂိုလ် မဟုတ်ကြောင်း အခြားနည်းလမ်းများကို အသုံးပြု၍ ဥပဒေရေးရာပုဂ္ဂိုလ် သို့မဟုတ် ဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှုဆိုင်ရာ ထိန်းချုပ်ခြင်းကို ဖော်ထုတ်ခြင်း၊

(၃) အထက်ဖော်ပြပါ အပိုဒ်ခွဲငယ်စိတ်(၁)နှင့်(၂) တို့အရ လူပုဂ္ဂိုလ်ကို သတ်မှတ်ဖော်ထုတ်နိုင်ခြင်း မရှိလျှင် အကြီးတန်း စီမံခန့်ခွဲမှုအရာရှိ တာဝန် ထမ်းဆောင်နေသော သက်ဆိုင်ရာ လူပုဂ္ဂိုလ်ကို အတည်ပြုဖော်ထုတ်ရန် အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများသည် အတည်ပြုမှုနှင့် သင့်လျော်သည့် အရေးယူဆောင်ရွက်မှုကို လုပ်ဆောင်ခြင်း၊

(ခ) ဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှုဖြစ်လျှင် ယုံကြည်အပ်နှံမှုများနှင့် ပတ်သက်၍ ထူထောင်သူ၊ ယုံကြည်အပ်နှံခြင်းခံရသူ၊ ကာကွယ်စောင့်ရှောက်သူ၊ အကျိုးခံစားခွင့်ရှိသူများ သို့မဟုတ် အကျိုးခံစားခွင့်ရှိသူ အတန်းအစားတို့ကို အတည်ပြုခြင်းနှင့် ယုံကြည်အပ်နှံမှုအပေါ် ထိန်းချုပ်မှု သို့မဟုတ် ပိုင်ဆိုင်မှု အဆင့်ဆင့် အပါအဝင် အဆုံးစွန် ထိရောက်စွာ ထိန်းချုပ်သည့် မည်သည့်လူပုဂ္ဂိုလ်ကိုမဆို ဖော်ထုတ်ခြင်း၊

(ဂ) အခြားသောဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှု ပုံစံများဖြစ်လျှင် တူညီသော သို့မဟုတ် အလားတူရာထူးတာဝန်ရှိသည့် ပုဂ္ဂိုလ်များကို အတည်ပြုခြင်း၊

(၄) ပုဂ္ဂိုလ်၊ ကုမ္ပဏီ၊ အဖွဲ့အစည်း သို့မဟုတ် ဥပဒေရေးရာပုဂ္ဂိုလ် သို့မဟုတ် ဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှုများအတွက် ဆက်သွယ်ဆောင်ရွက်သူ ကိုယ်စားဆောင်ရွက်သူသည် အာဏာအပ်နှင်းခြင်းခံရသူ ဟုတ်၊ မဟုတ် စိစစ်ခြင်းနှင့် ယင်း၏ မှတ်ပုံတင်ကို မှန်ကန်ကြောင်း အတည်ပြုခြင်း၊ ပုဂ္ဂိုလ်၊ ကုမ္ပဏီ၊ အဖွဲ့အစည်း သို့မဟုတ် ဥပဒေ ရေးရာ စီစဉ်ဆောင်ရွက်မှု၏ တရားဝင် တည်ရှိမှုအခြေအနေအား စိစစ်ခြင်း၊ ဆက်သွယ်ဆောင်ရွက်သူ၏ အမည်၊ တရားဝင်

ဖွဲ့စည်းမှုပုံစံ၊ လိပ်စာ၊ ဒါရိုက်တာများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များရယူခြင်းနှင့် ကုမ္ပဏီအဖွဲ့အစည်း သို့မဟုတ် ဥပဒေရေးရာပုဂ္ဂိုလ် သို့မဟုတ် ဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှုများအပေါ် စည်းနှောင်မှုရှိစေသည့် လုပ်ပိုင်ခွင့်ဆိုင်ရာ စည်းမျဉ်းများ သတ်မှတ်ခြင်း၊

( င ) အပိုဒ်ခွဲ(ဃ)ပါ တာဝန်ဝတ္တရားများကို ဆောင်ရွက်နိုင်ခြင်းမရှိလျှင် အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ ငယ် (၁)၊ (၂)နှင့် (၃)တို့အရ ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဆောင်ရွက်မပေးခြင်း သို့မဟုတ် ရပ်စဲခြင်းပြု၍ ယင်းအခြေအနေကို ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းပို့ရမည်။

( စ ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အန္တရာယ်များအား ထိရောက်စွာ စီမံခန့်ခွဲပြီးကြောင်း သက်သေထင်ရှားပြသနိုင်ပြီး၊ ဆက်သွယ်ဆောင်ရွက်သူ သို့မဟုတ် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်၏ သက်သေခံ အထောက်အထားများအား စိစစ်ခြင်းကြောင့် ဖြစ်ပေါ်သည့် နှောင့်နှေးမှုသည် ပုံမှန်စီးပွားဆက်ဆံမှုကို အဆက်ပြတ်စေသည့် အဓိကအကြောင်းအရင်းဖြစ်ပါက အဆိုပါ ပုံမှန်စီးပွားဆက်ဆံဆောင်ရွက်မှုပြီးလျှင်ပြီးချင်း စိစစ်မှုကို ဆောလျင်စွာ ပြီးစီးအောင် ဆောင်ရွက်ရမည်။

(ဆ) အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများသည် ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုအပေါ် သံသယဖြစ်၍လည်းကောင်း၊ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း ဆောင်ရွက်ရာတွင် ဆက်သွယ်ဆောင်ရွက်သူက သတိပြုမိသည်ဟု ယုံကြည်ရန် အကြောင်းရှိသည့်အခါတွင်လည်းကောင်း၊ အလေးထားစိစစ်ခြင်း လုပ်ငန်းစဉ်ကို ဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ သံသယဖြစ်ဖွယ်သတင်းပို့ချက်အဖြစ် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ ပေးပို့ရမည်။

၇။ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများသည် စီးပွားဆက်ဆံဆောင်ရွက်မှု တစ်ခုချင်းအတွက် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းကို စဉ်ဆက်မပြတ် ဆောင်ရွက်ရမည်။ ထို့အပြင် မိမိတို့ သိရှိထားသည့် ဆက်သွယ်ဆောင်ရွက်သူဆိုင်ရာ အချက်အလက်များ၊ စီးပွားရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ အန္တရာယ်ရှိမှုအဆင့်အတန်းများနှင့် ကိုက်ညီစေရန် မည်သည့်လွှဲပြောင်းဆောင်ရွက်မှုကိုမဆို သေချာစွာစိစစ်ရမည်။ လိုအပ်ပါက ငွေကြေးဇာစ်မြစ်ကိုလည်း စိစစ်ရမည်။

၈။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသည် –

(က) အောက်ပါဆောင်ရွက်ချက်များကို တစ်ခုချင်းအလိုက် အထူးအလေးထား ဂရုပြု ဆောင်ရွက်ရမည်–

(၁) စီးပွားရေးလုပ်ငန်းအရင်းခံ ထင်ရှားခြင်းမရှိဘဲနှင့်ဖြစ်စေ၊ ဥပဒေနှင့်ညီကြောင်း ထင်ရှားခြင်းမရှိဘဲနှင့်ဖြစ်စေ ရှုပ်ထွေးသော၊ ပုံမှန်မဟုတ်သော ပမာဏများပြားသည့် လွှဲပြောင်းဆောင်ရွက်မှုများအားလုံး၊ ပုံမှန်မဟုတ်သောပုံစံဖြင့် လွှဲပြောင်းသည့် ဆောင်ရွက်မှုများအားလုံး၊

(၂) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုမှ တားဆီးကာကွယ်ရေးအတွက် ဆောင်ရွက်ချက်များကို လုံလောက်စွာ လိုက်နာဆောင်ရွက်ခြင်းမရှိသည့် နိုင်ငံတစ်နိုင်ငံမှ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုနှင့် စီးပွားဆက်ဆံ ဆောင်ရွက်မှု သို့မဟုတ် လွှဲပြောင်းဆောင်ရွက်မှုအားလုံး။

( ခ ) အပိုဒ်ခွဲ(က)ပါ ဆောင်ရွက်မှုအားလုံး၏ နောက်ခံအခြေအနေနှင့် ရည်ရွယ်ချက်များကို ဖြစ်နိုင်သမျှစစ်ဆေးရမည့်အပြင် တွေ့ရှိချက်များကိုလည်း ရေးသားမှတ်တမ်းတင်ရမည်။

( ဂ ) အပိုဒ်ခွဲ (က) အရ ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု အန္တရာယ်အဆင့် မြင့်မားသည်ဟု ဖော်ထုတ်သိရှိရပါက ဆက်သွယ် ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း လုပ်ငန်းစဉ်ကို တိုးမြှင့်ဆောင်ရွက်ရမည်။

(ဃ) နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ထားသော ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်မြင့်မားသည့် နိုင်ငံများမှ ငွေရေးကြေးရေး အဖွဲ့အစည်းများအပေါ် အန္တရာယ်နှင့်အချိုးညီသည့်အလေးထား စိစစ်မှုကို တိုးမြှင့်ဆောင်ရွက်ရမည်။

၉။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသည် ဆက်သွယ်ဆောင်ရွက်သူ တစ်ဦးတစ်ယောက် သို့မဟုတ် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်တစ်ဦးအား ပြည်တွင်း၊ ပြည်ပတွင် ဩဇာတိက္ကမရှိသူများ သို့မဟုတ် နိုင်ငံတကာတွင် ဩဇာတိက္ကမရှိသူများ ဟုတ်-မဟုတ် ဆုံးဖြတ်နိုင်ရန် အန္တရာယ်အဆင့်အလိုက် သင့်လျော်သည့် စီမံခန့်ခွဲမှုစနစ်ထားရှိပြီး အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ပြည်ပတွင် ဩဇာတိက္ကမရှိသူများနှင့် စပ်လျဉ်း၍-

(၁) စီးပွားဆက်ဆံဆောင်ရွက်မှု ထူထောင်ခြင်းမပြုမီ သို့မဟုတ် ဆက်လက်ဆောင်ရွက်ခြင်းမပြုမီ အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်း၏ အကြီးတန်းစီမံအုပ်ချုပ်သူထံမှ သဘောတူညီချက် ရယူခြင်း၊

(၂) ချမ်းသာကြွယ်ဝမှုနှင့် ငွေကြေးအရင်းအမြစ်ကို ဖော်ထုတ်ရန် ဆီလျော်သည့် အရေးယူ ဆောင်ရွက်မှုများအားလုံး ဆောင်ရွက်ခြင်း၊

(၃) ဆက်သွယ်ဆောင်ရွက်သူအပေါ် တိုးမြှင့်အလေးထား စိစစ်ခြင်းကို စဉ်ဆက်မပြတ် ကျင့်သုံး၍ ယင်းစီးပွားဆက်ဆံမှုကို စောင့်ကြည့်ခြင်း။

( ခ ) ပြည်တွင်းနှင့် နိုင်ငံတကာတွင် သြဇာတိက္ကမရှိသူများနှင့်စပ်လျဉ်း၍ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများက အန္တရာယ်အဆင့်မြင့်သည်ဟု ဆုံးဖြတ်ပါက အပိုဒ်ခွဲ(က)ပါ အရေးယူ ဆောင်ရွက်မှုများကို ကျင့်သုံးခြင်း။

( ဂ ) သြဇာတိက္ကမရှိသူများနှင့် ဆက်နွှယ်သူများနှင့် ၎င်းတို့၏ မိသားစုဝင်များအပေါ်တွင် ဆောင်ရွက်ခြင်း။

၁၀။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသည် အောက်ပါသတင်းအချက်အလက်ဆိုင်ရာ မှတ်တမ်းများကို ထိန်းသိမ်းထားရှိရမည့်အပြင် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေး အဖွဲ့နှင့် အခြားအာဏာပိုင်များထံသို့ ယင်းမှတ်တမ်းများနှင့် အရေးပါသည့် သတင်းအချက်အလက်များကို ပေးပို့နိုင်စေရန် အဆင်သင့် ဆောင်ရွက်ထားရမည်ဖြစ်ပြီး ယင်းမှတ်တမ်းများသည် လွှဲပြောင်းဆောင်ရွက်မှုတစ်ခုချင်းစီကို ပြန်လည်ဆက်စပ်ဖော်ထုတ်နိုင်သည်အထိ ပြည့်စုံလုံလောက်မှုရှိရမည်-

(က) စီးပွားဆက်ဆံ ဆောင်ရွက်မှုရပ်စဲပြီးချိန် သို့မဟုတ် ရံဖန်ရံခါ လွှဲပြောင်းဆောင်ရွက်မှုကို ပြုလုပ်ပြီးချိန်မှ ငါးနှစ်အထိ ဆက်သွယ်ဆောင်ရွက်သူ သို့မဟုတ် အကျိုးခံစားခွင့်ရှိသူပိုင်ရှင်၏ အထောက်အထားများ၊ မှတ်တမ်းများနှင့် စီးပွားရေးဆိုင်ရာ စာအဆက်အသွယ်များအပါအဝင် သက်သေခံ အထောက်အထားဆိုင်ရာ စာရွက်စာတမ်းများ၊ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထား စိစစ်ခြင်းမှတစ်ဆင့် ရရှိထားသော မှတ်တမ်းမှတ်ရာများ၊ စိစစ်ခြင်းမှရရှိသည့် စာရွက်စာတမ်းများနှင့် မည်သည့်ခွဲခြမ်းစိတ်ဖြာ စိစစ်ခြင်းမှမဆို ရရှိသည့် ရလဒ်များ၊

( ခ ) ပြည်တွင်းပြည်ပ လွှဲပြောင်းဆောင်ရွက်ရန် အားထုတ်မှု သို့မဟုတ် လွှဲပြောင်းဆောင်ရွက်မှုကို ဆောင်ရွက်ပြီးချိန်မှ နောက်ထပ်ငါးနှစ်တာကာလအထိ လွှဲပြောင်းဆောင်ရွက်မှုများဆိုင်ရာ မှတ်တမ်းများ၊

( ဂ ) ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းပို့တင်ပြခဲ့မှု အနည်းဆုံးငါးနှစ်ကြာပြီးဖြစ်သည့် လွှဲပြောင်းဆောင်ရွက်မှု သတင်းပို့ချက်မိတ္တူများနှင့် အခြားသက်ဆိုင်သည့် စာရွက်စာတမ်းများ၊

(ဃ) ဆောင်ရွက်မှုပြီးဆုံးချိန် သို့မဟုတ် နောက်ဆုံးမွမ်းမံပြင်ဆင်သည့်အချိန် ငါးနှစ်ကျော်လွန်သည့် အန္တရာယ်အဆင့် အကဲဖြတ်ချက်နှင့် အခြားအရေးပါသည့် သတင်းအချက်အလက်များ။

၁၁။ (က) အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများသည် ဤညွှန်ကြားချက် အပိုဒ် ၆ အပိုဒ်ခွဲ

(ခ)၊ အပိုဒ်ခွဲငယ် (၁)၊ (၂)နှင့် (၃) အရ ဖော်ပြထားသော ဆက်သွယ် ဆောင်ရွက်သူ အပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ အောက်ပါအချက်များကို ဆောင်ရွက်နိုင်စွမ်းရှိသော ကြားခံပုဂ္ဂိုလ်ကို အားထား၍ ဆောင်ရွက်နိုင်သည်-

(၁) လိုအပ်သည့် သတင်းအချက်အလက်များကို ချက်ချင်းရယူခြင်း၊

(၂) ဤညွှန်ကြားချက် အပိုဒ်၆၊ အပိုဒ်ခွဲ (ဃ) အရ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထား စိစစ်ခြင်းဆိုင်ရာ လိုအပ်ချက်များနှင့် သက်ဆိုင်သည့် သက်သေခံအထောက်အထားနှင့် အခြားအထောက်အထားများ၏ မိတ္တူကို အဆိုပါ အဖွဲ့အစည်း၏ တောင်းဆိုချက်အရ နှောင့်နှေးကြန့်ကြာမှု မရှိစေဘဲ ရယူနိုင်စေမည့် လုပ်ငန်းစဉ်များ ချမှတ်ထားရှိခြင်း၊

(၃) အဆိုပါကြားခံပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအပေါ် စည်းမျဉ်းစည်းကမ်းများနှင့် လိုက်နာဆောင်ရွက်ခြင်း ရှိ-မရှိကြပ်မတ်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း သို့မဟုတ် စောင့်ကြည့်စစ်ဆေးခြင်းများ ထားရှိပြီးဖြစ်ကြောင်းနှင့် ဤညွှန်ကြားချက်၌ ပါရှိသည့် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းနှင့်မှတ်တမ်းထိန်းသိမ်းခြင်း ပြဋ္ဌာန်းချက်များအား လိုက်နာဆောင်ရွက်ရန် အရေးယူဆောင်ရွက်မှုများ ချမှတ်ထားရှိပြီးဖြစ်ကြောင်း ကျေနပ်ဖွယ်ဖြစ်သည်အထိ ဆောင်ရွက်ထားရှိခြင်း၊

( ခ ) အပိုဒ်ခွဲ (က) တွင် ဖော်ပြထားသည့် ဆက်သွယ်ဆောင်ရွက်သူကို မည်သူမည်ဝါဖြစ်ကြောင်း ဖော်ထုတ်ခြင်းနှင့် စိစစ်အတည်ပြုခြင်းများသည် သက်ဆိုင်ရာ အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်း၏ တာဝန်သာဖြစ်သည်။

၁၂။ အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများသည် အသစ်တီထွင်ထားသည့် ထုတ်ကုန်၊ ဝန်ဆောင်မှု၊ စီးပွားရေးလုပ်ငန်း သို့မဟုတ် နည်းပညာများနှင့်ဆက်နွယ်၍ ပေါ်ပေါက်သော ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုအန္တရာယ်များကို ဖော်ထုတ်ခြင်းနှင့် အကဲဖြတ်ခြင်း၊ ယင်းအန္တရာယ်များကို စီမံခန့်ခွဲရန်နှင့် လျော့ပါးစေရန် သင့်လျော်သည့် အရေးယူဆောင်ရွက်ခြင်းတို့ကို အကောင်အထည်ဖော်ရမည်။

၁၃။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသည် နယ်စပ်ဖြတ်ကျော် ဆက်သွယ်ဆောင်ရွက်သည့် ဘဏ်များနှင့် ဆက်ဆံဆောင်ရွက်မှုများ မပြုလုပ်မီ ဤညွှန်ကြားချက် အပိုဒ် ၆ ပါ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းများကို ပုံမှန်ပြုလုပ်ရမည့်အပြင် အောက်ပါတို့ကိုလည်း ဆောင်ရွက်ရမည်-

(က) မိမိနှင့် စီးပွားဆက်ဆံဆောင်ရွက်သော နိုင်ငံရပ်ခြားမှ အဖွဲ့အစည်း၏ စီးပွားရေး လုပ်ငန်း သဘောသဘာဝကို နားလည်သဘောပေါက်စေရန်၊ ၎င်း၏ ဂုဏ်သတင်းနှင့် ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့်ပတ်သက်၍ စုံစမ်း စစ်ဆေးခြင်းခံခဲ့ရမှု သို့မဟုတ် အရေးယူခြင်းခံခဲ့ရမှု ရှိ-မရှိကို ဆုံးဖြတ်နိုင်ရန်အတွက် လုံလောက်မှုရှိသော သတင်းအချက်အလက်များနှင့် ကြီးကြပ်မှုအရည်အသွေးဆိုင်ရာ သတင်းအချက်အလက်များကို စုဆောင်းရယူခြင်း၊

( ခ ) အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်း၏ အကြီးတန်းစီမံခန့်ခွဲသူထံမှ ခွင့်ပြုချက် ရယူခြင်း၊

( ဂ ) လက်ခံဆောင်ရွက်သည့် ဘဏ်၊ အဖွဲ့အစည်း၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ ထိန်းချုပ်ကြီးကြပ်မှု အရည်အသွေးကို အကဲဖြတ်ခြင်း၊

(ဃ) အဖွဲ့အစည်း တစ်ခုချင်းစီ၏ တာဝန်ဝတ္တရား အသီးသီးကို ရှင်းလင်းစွာ နားလည် သဘောပေါက်အောင် ဆောင်ရွက်ခြင်း၊

( င ) ပေးချေမှုအတွက် တစ်ဆင့်အသုံးပြုသော ဘဏ်ငွေစာရင်းနှင့်စပ်လျဉ်း၍ အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများသည် လက်ခံဆောင်ရွက်သည့် ဘဏ်၏ ဆက်သွယ် ဆောင်ရွက်သူများက မိမိတို့၏ ငွေစာရင်းများကို တိုက်ရိုက်ရယူ အသုံးပြုကြောင်းနှင့် အဆိုပါ လက်ခံဆောင်ရွက်သည့် ဘဏ်အနေဖြင့် အသေးစား ငွေရေးကြေးရေးအဖွဲ့ အစည်းက တောင်းဆိုသည့်အခါ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ် ခြင်းဆိုင်ရာ သတင်းအချက်အလက်များကို ပေးအပ်နိုင်စွမ်းရှိကြောင်း ကျေနပ်လက်ခံမှု ရှိသည်အထိ ဆောင်ရွက်ထားရှိခြင်း။

၁၄။ (က) အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများသည် ကြေးနန်း သို့မဟုတ် အီလက် ထရောနစ်နည်းလမ်းဖြင့် ငွေလွှဲခြင်းများတွင် စတင်လွှဲပြောင်းဆောင်ရွက်သူနှင့် အကျိုး ခံစားခွင့်ရှိသူတို့၏ မှန်ကန်သော သတင်းအချက်အလက်များ ပါရှိရမည်ဖြစ်ပြီး ငွေပေးချေမှု ကွင်းဆက်တစ်လျှောက်လုံးတွင် ယင်းငွေလွှဲခြင်း သို့မဟုတ် ဆက်စပ်မှု ရှိသည့် သတင်းအချက်အလက်များအား သေချာအောင် ထိန်းသိမ်းထားရှိရမည်။

( ခ ) အသေးစား ငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှု ကော်မတီနှင့် ငွေရေးကြေးရေး ကြီးကြပ် စစ်ဆေးရေး ဦးစီးဌာနသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်သော အီလက်ထရောနစ်နည်းလမ်းဖြင့် ငွေလွှဲပြောင်းခြင်းအတွက် ထပ်လောင်းဆောင်ရွက်ရ

မည့်အချက်များနှင့်ပတ်သက်သည့် ညွှန်ကြားချက်နှင့်အညီ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများက လိုက်နာဆောင်ရွက်စေရန် ညွှန်ကြားချက်ထုတ်ပြန်ရမည်။

(ဂ) အပိုဒ်ခွဲ (က) အရ ဆောင်ရွက်ရာတွင် အောက်ပါတို့နှင့် သက်ဆိုင်ခြင်း မရှိစေရ-

(၁) အရောင်းအဝယ်နှင့် သက်ဆိုင်သည့် လွှဲပြောင်း ဆောင်ရွက်မှုတိုင်းနှင့်အတူ အကြွေးဝယ်ကတ်၊ မြီစားကတ် သို့မဟုတ် ကြိုတင်ငွေဖြည့်ကတ်များ၏ နံပါတ်များပါရှိစေရန် စီစဉ်ဆောင်ရွက်ထားသည့် ကုန်စည်နှင့် ဝန်ဆောင်မှု များကို ဝယ်ယူရန်အတွက် အကြွေးဝယ်ကတ်၊ မြီစားကတ်၊ ကြိုတင်ငွေ ဖြည့်ကတ် သို့မဟုတ် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများကို အသုံးပြု၍ ဆောင်ရွက်သည့် အရောင်းအဝယ်ဆိုင်ရာ လွှဲပြောင်းဆောင်ရွက်မှု၊

(၂) ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ ကိုယ်စားဆောင်ရွက်သည့် ကနဦး လွှဲပြောင်းသူနှင့်အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်တို့သည် ဘဏ်နှင့်ငွေရေးကြေးရေး အဖွဲ့အစည်းများဖြစ်ပါက ယင်းငွေရေးကြေးရေး အဖွဲ့အစည်းများအကြား ဆောင်ရွက်သည့် လွှဲပြောင်းမှု၊

(ဃ) အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲငယ် (၁)တွင် ဖော်ပြထားသော ခြွင်းချက်သည် ပုဂ္ဂိုလ်တစ်ဦးမှပုဂ္ဂိုလ် တစ်ဦးထံသို့ အီလက်ထရောနစ် နည်းလမ်းဖြင့်ငွေလွှဲခြင်းဟု အဓိပ္ပါယ်သက်ရောက်မှု ရှိသော ငွေပေးချေမှု စနစ်တစ်ရပ်အနေဖြင့် အကြွေးဝယ်ကတ်၊ မြီစားကတ် သို့မဟုတ် ကြိုတင်ငွေဖြည့်ကတ်များကို အသုံးပြုခြင်းများနှင့် သက်ဆိုင်မှု မရှိစေရ။ ထိုကဲ့သို့သော ဖြစ်စဉ်မျိုးတွင် ဤညွှန်ကြားချက် အပိုဒ် ၆ တွင် ပြဋ္ဌာန်းချက်များကို လိုက်နာကျင့်သုံး ရမည်။

(င) အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများ၏ ပြည်ပရှိ ရုံးခွဲများသည် သက်ဆိုင်ရာ နိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး ဆိုင်ရာ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရမည်။ သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေနှင့် ပြဋ္ဌာန်းချက်များသည် မိမိနိုင်ငံထက်လျော့နည်းနေလျှင် မိမိနိုင်ငံ၏ဥပဒေပြဋ္ဌာန်းချက် များအတိုင်း လိုက်နာဆောင်ရွက်ရမည်။

(စ) အကယ်၍သက်ဆိုင်ရာနိုင်ငံသည် မိမိနိုင်ငံ၏ ဥပဒေနှင့် ပြဋ္ဌာန်းချက်များအတိုင်း အကောင်အထည်ဖော်မှုကို ခွင့်မပြုလျှင် ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှုဆိုင်ရာ အန္တရာယ်များကို စီမံခန့်ခွဲနိုင်မည့် သင့်လျော်သည့် အရေးယူ

ဆောင်ရွက်မှုများကို ဆောင်ရွက်ပြီး မိမိနိုင်ငံ၏ ကြီးကြပ်ရေးအာဏာပိုင်များထံ သတင်းပို့ရမည်။

၁၅။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသည်–

(က) ဤညွှန်ကြားချက်ပါ သတ်မှတ်ချက်များကို အကောင်အထည်ဖော်ရန်နှင့် မိမိတို့၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု အန္တရာယ်များကို လျှော့ပါးစေရေးအတွက် ထိရောက်စွာစီမံခန့်ခွဲရန် အောက်ပါအချက်များ ပါဝင်သော ဌာနတွင်း လုပ်ထုံးလုပ်နည်းများ အစီအစဉ်များ၊ လုပ်ငန်းလမ်းညွှန်မှုများနှင့် ကြီးကြပ်ထိန်းသိမ်းရန်နည်းစနစ်များကို သတ်မှတ်ခြင်းနှင့်အကောင်အထည် ဖော်ခြင်းများ ပြုလုပ်ရမည်။ ထို့ပြင် လိုအပ်ပါက စောင့်ကြည့်စစ်ဆေးခြင်းနှင့် တိုးမြှင့်ဆောင်ရွက်ခြင်းများကို ဆောင်ရွက်ရမည်–

(၁) ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်များ၊ စဉ်ဆက်မပြတ် အလေးထားစိစစ်ခြင်း၊ လွှဲပြောင်းဆောင်ရွက်မှုများကို စောင့်ကြည့်စစ်ဆေးမှုများ၊ သတင်းပို့ရန် တာဝန်နှင့် မှတ်တမ်းထိန်းသိမ်းခြင်းဆိုင်ရာ တာဝန်ဝတ္တရားများ၊

(၂) ဝန်ထမ်းများ စတင်ခန့်ထားရာတွင် အသုံးပြုမည့် စိစစ်ခြင်း လုပ်ထုံးလုပ်နည်းများအပါအဝင်မိမိဝန်ထမ်းများ၏စာရိတ္တကောင်းမွန်စေသည့်လုပ်ထုံးလုပ်နည်းများနှင့် ယင်းဝန်ထမ်းများ၏ ကိုယ်ရေးအချက်အလက်များ၊ အလုပ်တာဝန်ထမ်းဆောင်မှုများနှင့် ငွေရေးကြေးရေး နောက်ခံသမိုင်းကြောင်းတို့ကို အကဲဖြတ်ရန် နည်းစနစ်များ၊

(၃) မိမိနှင့်ဆက်သွယ်ဆောင်ရွက်သူကို သိရှိခြင်း၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အထူးတာဝန်ဝတ္တရားများနှင့် ဤညွှန်ကြားချက်ပါ သတင်းပို့ရန် လိုအပ်သည့် လွှဲပြောင်းဆောင်ရွက်မှုများကို သိရှိခြင်းတို့နှင့် စပ်လျဉ်း၍ ဝန်ထမ်းများကို စဉ်ဆက်မပြတ် လေ့ကျင့်ရေး အစီအစဉ်များ၊

(၄) ဤညွှန်ကြားချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးမှုနှင့် အရေးယူ ဆောင်ရွက်မှုများ၏ ထိရောက်မှုကို စစ်ဆေးရန် လွတ်လပ်သော စစ်ဆေးရေးလုပ်ငန်းစဉ်များ။

(ခ) အကြီးတန်းစီမံခန့်ခွဲမှု အဆင့်ရှိသော အကောင်အထည်ဖော် ဆောင်ရွက်ရေးအရာရှိ

တစ်ဦးအား ခန့်အပ်ထားရှိရမည်။

(ဂ) အပိုဒ်ခွဲ(က)နှင့် အပိုဒ်ခွဲ(ခ)အရ အကောင်အထည်ဖော်ဆောင်ရွက်ရန် သတ်မှတ်ရာတွင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု အန္တရာယ်နှင့်တကွ စီးပွားရေးလုပ်ငန်းများ၏ပမာဏ၊ ဆက်သွယ်ဆောင်ရွက်သူများ၊ လွှဲပြောင်းဆောင်ရွက်မှုများ၊ ထုတ်ကုန်များ၊ ဝန်ဆောင်မှုများ၊ ဝန်ဆောင်မှုပေးသည့် နည်းလမ်းများနှင့် အတိုင်းအတာ၊ အဆိုပါ စီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်သည့် နိုင်ငံများနှင့် ပထဝီဝင် အနေအထားစသည်အချက်များကို ထည့်သွင်းသုံးသပ်ရမည်။

(ဃ) အောက်ပါလုပ်ငန်းစဉ်များကို တိကျစွာ လိုက်နာဆောင်ရွက်ရမည်-

(၁) သတ်မှတ်ထားသည့် ဌာနတွင်းလုပ်ထုံးလုပ်နည်းများ၊ အစီအစဉ်များ၊ လုပ်ငန်းလမ်းညွှန်မှုများနှင့် ကြီးကြပ်ထိန်းသိမ်းရန် နည်းစနစ်များကို နိုင်ငံရပ်ခြားလုပ်ငန်းခွဲများနှင့် အများစုပိုင်ဆိုင်မှုရှိသည့် လက်အောက်ခံလုပ်ငန်းခွဲများအပါအဝင် လုပ်ငန်းအုပ်စုအလိုက် ကျယ်ပြန့်စွာ လိုက်နာ ကျင့်သုံးစေခြင်း၊

(၂) ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်အားဆောင်ရွက်ခြင်းနှင့် ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုအန္တရာယ် စီမံခန့်ခွဲခြင်းတို့ကို ဆောင်ရွက်ရန် သတင်းအချက်အလက်ဖလှယ်မှုလုံခြုံရေးနှင့် အသုံးပြုရေး လုပ်ထုံးလုပ်နည်းများ အပါအဝင် ဘဏ္ဍာရေးအုပ်စုတစ်ခုအတွင်း သတင်းအချက်အလက်ဖလှယ်ခြင်း လုပ်ထုံးလုပ်နည်းများထားရှိစေခြင်း။

၁၆။ အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများသည် အပိုဒ် ၁၅၊ အပိုဒ်ခွဲ (ခ) အရ ခန့်အပ်ထားသည့် အကြီးတန်းစီမံခန့်ခွဲမှုအရာရှိအား အောက်ပါလုပ်ပိုင်ခွင့်များ အပ်နှင်းရမည်-

(က) လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်လိုအပ်သော စာရွက်စာတမ်းများ၊ မှတ်တမ်းများ၊ မှတ်ပုံတင်များနှင့် ငွေစာရင်းများကို ရယူပိုင်ခွင့်၊

(ခ) အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်း၏ မည်သည့်ဝန်ထမ်းထံမှမဆို မည်သည့်သတင်းအချက်အလက်၊ အကြောင်းကြားစာ၊ ရှင်းလင်းချက် သို့မဟုတ် စာရွက်စာတမ်းများကိုမဆို တောင်းခံပိုင်ခွင့်နှင့် ရယူပိုင်ခွင့်။

၁၇။ (က) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသည် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးစနစ် အားနည်းသည့်နိုင်ငံများ၊ ဒေသများမှ ဘဏ္ဍာရေးအဖွဲ့အစည်းများအပါအဝင်လူပုဂ္ဂိုလ်၊ဥပဒေရေးရာ ပုဂ္ဂိုလ်တို့နှင့် စီးပွားရေးအရ ဆက်သွယ်ဆောင်ရွက်မှုများနှင့် ပတ်သက်၍ အန္တရာယ် အဆင့်မြင့်မားလျှင် မြင့်မားသည့်အလျောက် ဆက်သွယ် ဆောင်ရွက်သူများအပေါ် အလေးထား စိစစ်ခြင်း

ကို တိုးမြှင့်ဆောင်ရွက်ရမည့်အပြင် လိုအပ်ပါက အန္တရာယ် အဆင့်အလိုက် ငွေကြေးဆိုင်ရာ အရေးယူ ဆောင်ရွက်ရေးအဖွဲ့၊ အာရှ-ပစိပိတ်ဒေသ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးအဖွဲ့ သို့မဟုတ် အလားတူ ဒေသတွင်းအဖွဲ့အစည်း များအပါအဝင် နိုင်ငံတကာငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အဖွဲ့အစည်းများက တောင်းဆိုလာသည့်အခါ အရေးယူ ဆောင်ရွက်မှုများကို ပြုလုပ်ရမည်။

(ခ) ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့၊ အာရှ-ပစိဖိတ်ဒေသ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးအဖွဲ့ သို့မဟုတ် အလားတူ ဒေသတွင်းအဖွဲ့အစည်းများ အပါအဝင် နိုင်ငံတကာ အဖွဲ့အစည်းများ သို့မဟုတ် ကြီးကြပ်ရေးအာဏာပိုင်များ သို့မဟုတ် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့တို့က ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ် အဆင့်မြင့်မားသည်ဟု သတ်မှတ်ဖော်ထုတ်ထားသည့်နိုင်ငံများ သို့မဟုတ် ဒေသများနှင့် ဆက်နွှယ်သည့် ဘဏ္ဍာရေးအဖွဲ့အစည်းများ အပါအဝင် လူပုဂ္ဂိုလ်၊ ဥပဒေရေးရာ ပုဂ္ဂိုလ်တို့နှင့် စီးပွားရေးအရ ဆက်သွယ်ဆောင်ရွက်မှုများနှင့် ပတ်သက်၍ အန္တရာယ် အဆင့်မြင့်မားလျှင် မြင့်မားသည့် အလျောက် ဆက်သွယ်ဆောင်ရွက်သူများအပေါ် အလေးထားစိစစ်ခြင်းကို တိုးမြှင့်ဆောင်ရွက်ရန် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့က သတင်းပို့ အဖွဲ့အစည်းများအား ညွှန်ကြားရမည်။

၁၈။ ငွေကြေးခဝါချတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၁ တွင် ပြဋ္ဌာန်းထားသည့် ပြဋ္ဌာန်းချက်ကို အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများ လိုက်နာဆောင်ရွက်ရန် အသေးစား ငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီက ညွှန်ကြားဆောင်ရွက်ရမည်။

၁၉။ အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများသည် ငွေကြေး သို့မဟုတ် ပစ္စည်းလွှဲပြောင်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ဗဟိုအဖွဲ့ကသတ်မှတ်ထားသော တန်ဖိုးပမာဏ သို့မဟုတ် ယင်းတန်ဖိုးပမာဏထက်ကျော်လွန်လျှင်ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ထံ ချက်ချင်းသတင်းပို့ရမည်။

၂၀။ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများသည် မည်သည့် လွှဲပြောင်းဆောင်ရွက်မှု၊ ငွေကြေး သို့မဟုတ် ပစ္စည်းမဆို ပြစ်မှုကျူးလွန်ရာမှရရှိသည့် အကျိုးအမြတ်များဖြစ်သည် သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု သို့မဟုတ် အကြမ်းဖက်လုပ်ရပ် သို့မဟုတ် အကြမ်းဖက်အုပ်စု သို့မဟုတ် အကြမ်းဖက်အဖွဲ့အစည်း သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့သူတို့နှင့်

ဆက်နွယ်ပတ်သက်သည် သို့မဟုတ် ချိတ်ဆက်မှုရှိသည် သို့မဟုတ် ယင်းတို့အတွက် အသုံးပြုရန်ရှိသည်ဟု သံသယဖြစ်လျှင် သို့မဟုတ် သံသယဖြစ်ရန် ကျိုးကြောင်းခိုင်လုံသည့် အကြောင်းရင်းခံများ ရှိလျှင်သံသယဖြစ်မှုကို တင်ပြရန် အစီရင်ခံစာကို ပြုစုပြီးနောက် သံသယဖြစ်ဖွယ် လွှဲပြောင်းဆောင်ရွက်မှု အစီရင်ခံစာကို ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ ယင်းအဖွဲ့ကသတ်မှတ်သည့်ပုံစံ၊ နည်းလမ်းများနှင့်အညီ ချက်ချင်း သို့မဟုတ် အလုပ်လုပ်ရက် (၃) ရက်ထက် နောက်မကျစေဘဲ တင်ပြရမည်။ ဤပြဋ္ဌာန်းချက်သည် ဆောင်ရွက်ပြီးဖြစ်သည့် လွှဲပြောင်းဆောင်ရွက်မှုများနှင့် လွှဲပြောင်းဆောင်ရွက်ရန် အားထုတ်မှု နှစ်ရပ်လုံးနှင့် သက်ဆိုင်စေရမည့်အပြင် အဆိုပါ လွှဲပြောင်းဆောင်ရွက်မှုတွင် ပါဝင်သည့်ပမာဏကို ထည့်သွင်းစဉ်းစားခြင်း မပြုရ။

၂၁။ ဆက်သွယ်ဆောင်ရွက်သူသည် သတ်မှတ်ထားသော တန်ဖိုးပမာဏနှင့် ယင်းတန်ဖိုး ပမာဏ ထက်ကျော်လွန်သည့် ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုကို တစ်ကြိမ်တည်း သို့မဟုတ် အကြိမ်ကြိမ် လွှဲပြောင်းခြင်းအား မည်သည့်ပုံစံဖြင့်မဆို ဆောင်ရွက်လျှင် သို့မဟုတ် ဆောင်ရွက်ရန် ကြိုးပမ်းအားထုတ်လျှင် အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများသည် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေး အဖွဲ့သို့ သတင်းပို့ရမည်။

၂၂။ ရှေ့နေ၊ နိုထရီပတ်ဗလစ်နှင့် ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ၊ စာရင်းကိုင်များ၊ စာရင်းစစ်များသည် ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုများကို မိမိတို့နှင့် ဆက်သွယ်ဆောင်ရွက်သူ အတွက် သို့မဟုတ် ယင်း၏ကိုယ်စားဆောင်ရွက်သည့်အခါ သတင်းအချက်အလက်များ၊ ဆက်သွယ် ဆောင်ရွက်သူထံမှ လက်ခံရရှိခြင်းမဟုတ်သည့် သံသယဖြစ်စေသော သို့မဟုတ် ငွေကြေးဆိုင်ရာစုံစမ်း ထောက်လှမ်းရေးအဖွဲ့က တောင်းဆိုသော အခြားသတင်းအချက်အလက်များကို တင်ပြရမည်။

၂၃။ ရှေ့နေ၊ နိုထရီပတ်ဗလစ်၊ ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများနှင့် စာရင်းကိုင်များ၊ စာရင်းစစ်များအနေဖြင့် မိမိတို့ ဆက်သွယ်ဆောင်ရွက်သူများ၏ ဥပဒေရေးရာ ရပ်တည်ချက်ကို စိစစ်သည့် ကိစ္စရပ် သို့မဟုတ် တရားရေး၊ စီမံခန့်ခွဲရေး၊ ခုံသမာဓိ သို့မဟုတ် စေ့စပ်ဖြန်ဖြေမှုဆိုင်ရာ စစ်ဆေးစီရင်မှုများတွင် အဆိုပါ ဆက်သွယ်ဆောင်ရွက်သူအား ခုခံကာကွယ်ပေးခြင်း သို့မဟုတ် ၎င်း၏ တရားဝင်ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခြင်းကိစ္စရပ်များအပါအဝင် အသက်မွေးဝမ်းကျောင်း လုပ်ငန်းဆိုင်ရာ လျှို့ဝှက်ချက်ထားရှိရေး သို့မဟုတ် ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အထူး

အခွင့်အရေးနှင့် သက်ဆိုင်သည့် အခြေအနေများတွင် ရရှိသည့် သတင်းအချက်အလက်များ ဖြစ်ပါက သံသယဖြစ်ဖွယ် သတင်းပို့ချက်ဖြင့် သတင်းပို့ရန် လိုအပ်ခြင်း မရှိစေရ။

၂၄။ ဤညွှန်ကြားချက်ကို လိုက်နာရန် ပျက်ကွက်သည့် မည်သည့် အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းမဆို ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေနှင့် အသေးစားငွေရေးကြေးရေး လုပ်ငန်း ဥပဒေတွင် ပြဋ္ဌာန်းသတ်မှတ်ထားသည့် ပြစ်ဒဏ်များကို ကျခံစေရမည်။

စိုးဝင်း

ဥက္ကဋ္ဌ

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

စာအမှတ်၊ ကက- ၁/ ၆ ( ၆၉၈ / ၂၀၁၉)

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်

**ဖြန့်ဝေခြင်း**

- ပြည်ထောင်စုတရားလွှတ်တော်ချုပ်
- ပြည်ထောင်စုရှေ့နေချုပ်ရုံး
- ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
- မြန်မာနိုင်ငံတော် ဗဟိုဘဏ်
- ပြည်ထဲရေးဝန်ကြီးဌာန
- စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
- ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့
- အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များအားလုံး
- အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအားလုံး

အမိန့်အရ

(ဇော်နိုင်)

အတွင်းရေးမှူး

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ